
တုဖေးစာအုပ်တိုက်

mgyoe.com
SAMPLE BOOK

# Jack Welch
# နည်းလမ်းများ


ရဲမြင့်(စွန့်ဦးတီထွင်)



mgyoe.com

တူဒေးစာအုပ်တိုက်
စီမံခန့်ခွဲမှုစာစဉ်(၅၂)

mgyoe.com



# Jack Welch
# နည်းလမ်းများ

ရဲမြင့်(စွန့်ဦးတီထွင်)

## THE WELCH WAY

“

လူ့ အထင်ကြီး လေးစားတဲ့
အထင်ကရဦးစီးဦးဆောင် ဖြစ်ဖို့ ဆိုတာ
ကြီးကျယ်မြင့်မြတ်တဲ့ ခေါင်းဆောင်တွေကို
မြုစုပျိုးထောင် မွေးထုတ်ပေးနိုင်မှ ဖြစ်မယ်။

mgyoe.com

m g y o e . c o m
SAMPLE BOOK
m g y o e . c o m

mgyoe.com SAMPLE BOOK

## တူဒေးစာအုပ်တိုက်

အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅ ၊ ၅၀၇၃၉၁ ၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
အမှတ် - ၁၁၇ ၊ ၂၉ လမ်း၊ ၈၀ x ၈၁ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၃၈၇၇၉။

mgyoe.com

mgyoe.com SAMPLE BOOK

တူဒေးစာအုပ်တိုက်

ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ (၅၀၀)
တန်ဖိုး ( ၃၀၀၀ ) ကျပ်

မျက်နှာဖုံးဒီဇိုင်း
မုတ်သုန်

ထုတ်ဝေသူ
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
တူဒေးပုံနှိပ်တိုက်
အမှတ် ၁၁၁၂ ၆၃ ရပ်ကွက်၊
ရွှေတောင်ကြားလမ်းသွယ်၊ တောင်ဒဂုံ

စာမူခွင့်ပြုချက် - ၄၀၀၈၇၆၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၀၀၂၀၉၀၈

ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်
အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅ ၊ ၅၀၇၃၉၁ ၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
အမှတ် - ၁၁၇ ၊ ၂၉ လမ်း၊ ၈၀ × ၈၁ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၃၈၇၇၉

mgyoe.com

mgyoe.com SAMPLE BOOK

စီမံခန့်ခွဲမှုစာစဉ် (၅၂)

# JACK WELCH နည်းလမ်းများ

ရဲမြင့် (စွန်ဦးတီထွင်)

**THE WELCH WAY**

*Jack Welch*

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

- ✱ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✱ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✱ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး၊
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး၊

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

ထုတ်ဝေသူအမှာ
အခန်း (၁) . . . ၁
အခန်း (၂) . . . ၁၀
အခန်း (၃) . . . ၁၄
အခန်း (၄) . . . ၂၃
အခန်း (၅) . . . ၂၈
အခန်း (၆) . . . ၃၃
အခန်း (၇) . . . ၄၆
အခန်း (၈) . . . ၅၁
အခန်း (၉) . . . ၅၆
အခန်း (၁၀) . . . ၆၂
အခန်း (၁၁) . . . ၆၉

mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| အခန်း (၁၂) | . . . | ၇၆ |
| အခန်း (၁၃) | . . . | ၈၂ |
| အခန်း (၁၄) | . . . | ၈၈ |
| အခန်း (၁၅) | . . . | ၉၄ |
| အခန်း (၁၆) | . . . | ၁၀၀ |
| အခန်း (၁၇) | . . . | ၁၀၇ |
| အခန်း (၁၈) | . . . | ၁၁၃ |
| အခန်း (၁၉) | . . . | ၁၁၉ |
| အခန်း (၂၀) | . . . | ၁၂၅ |
| အခန်း (၂၁) | . . . | ၁၃၀ |


mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူအမှာ

အဖွဲ့အစည်းတိုင်းတွင် ခေါင်းဆောင်သူပုဂ္ဂိုလ်၏ အနေအထားသည် အောင်မြင်မှုတစ်ရပ်ဖော်ဆောင်ရာတွင် များစွာအဆုံးအဖြတ်ပေးသော ညွှန်းကိန်းတစ်ခုဖြစ်နေပေသည်။ ခေါင်းဆောင်မှု မှန်ကန်တည့်မတ်လျှင် အောင်မြင်မှုကို မလွဲမသွေခံစားရယူနိုင်မည် ဖြစ်ပြီး ခေါင်းဆောင်မှုမမှန်ကန်လျှင်တော့ ထိုက်သင့်သည့် အောင်မြင်မှု ရရှိမည်မဟုတ်သည်မှာ သေချာလှပေသည်။

ကမ္ဘာတွင် ပြိုင်ဆိုင်မှုစွမ်းအားအရှိဆုံး စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည့် General Ellectric (G E) ကုမ္ပဏီတွင် အနှစ် ၄၀ ကျော် ခေါင်းဆောင်တစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်လာခဲ့သည့် Jack Welch ၏ ခေါင်းဆောင်မှုနည်းလမ်းများသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စီမံခန့်ခွဲရေးဆိုင်ရာ နယ်ပယ်တို့မှ ပုဂ္ဂိုလ်အားလုံးအတွက် စံအဖြစ် လက်ကိုင်ပြုစရာဖြစ်နေသည်မှာ မည်သူမျှငြင်းနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် Jack Welch ၏ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုနည်းနာများကို စေ့ငုသုံးသပ်စွဲမှတ်နာယူနိုင်ကြစေရန် တစ်ဆင့် ပြန်လည်စုစည်းထုတ်ဖော်တင်ပြလိုက်ရပါသည်။

တူဒေးစာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

John Francis Welch Jr ကို ၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် မက်ဆာချူးဆက်ပြည်နယ် (Massachusetts) ဆမ်လမ် (Salem) မြို့၌ မွေးဖွားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် မက်ဆာချူးဆက်တက္ကသိုလ်မှ ဓာတုအင်ဂျင်နီယာဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရရှိခဲ့ပါသည်။ ၎င်းနောက် သူသည် အီလီနွိုက်စ် (Illinois) တက္ကသိုလ်မှ ၁၉၅၈ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ ရရှိကာ ၁၉၆၀ ခုနှစ်တွင် ယင်းတက္ကသိုလ်မှပင် ဓာတုအင်ဂျင်နီယာ အထူးပြုဘာသာရပ်ဖြင့် Ph D ကို ရရှိခဲ့ပေသည်။

၁၉၆၀ ခုနှစ်တွင် Jack Welch သည် General Electric (GE) ကုမ္ပဏီတွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် Vice-President အဖြစ် တာဝန်ပေးခံရသည်။ ၁၉၇၇ ခုနှစ်တွင် Senior Vice-President အဖြစ် လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် Vice-Chairman အဖြစ် လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် GE ၏

mgyoe.com

mgyoe.com  SAMPLE BOOK

အသက်အငယ်ဆုံးနှင့် အငြှမြေ့ာက် Chairman နှင့် CEO အဖြစ်လည်းကောင်း ခန့်အပ်ခြင်းခံရပေသည်။

၁၉၉၉ ခုနှစ်တွင် သူ့အား ကမ္ဘာကျော် *Fortune* Magazine က "ရာစုနှစ်၏မန်နေဂျာ" (Manager of the Century) ဘွဲ့ကို အပ်နှင်းခဲ့ပါသည်။

အနှစ် ၂၀ အတွင်း GE ၏ CEO အဖြစ် ဆောင်ရွက်နေစဉ် ကုမ္ပဏီ၏ Market Value ကို ၁၉၈၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံမှ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၀ ဘီလီယံဖြစ်လာအောင် လုပ်ဆောင်နိုင်ခဲ့ပေသည်။ Jack Welch သည် GE ၏ CEO အဖြစ် ဆောင်ရွက်နေစဉ်အတွင်း သူ၏ အံ့သြစရာကောင်းလှသော ခေါင်းဆောင်မှုပိုင်းဆိုင်ရာကျွမ်းကျင်မှုကို အပြည့်အဝအသုံးချကာ အရေးကြီးသည့် အတွေးအခေါ်များကို ဝန်ထမ်းများအား စိုက်လိုက်မတ်တတ် ထပ်ကာထပ်ကာပေးခြင်းဖြင့် ပြောင်းလဲရန်လိုသည်များကို ပြောင်းလဲခဲ့ပါသည်။

Jack Welch သည် ကုမ္ပဏီ၏ ကြိုးနီစနစ်နှင့် ဗျူရိုကရေစီပုံစံကို ရွံမုန်းသူတစ်ဦး ဖြစ်သည်နှင့်အညီ ၎င်း၏ဝန်ထမ်းများကိုလည်း အသိပေးကာ GE ပုံစံကို ပြောင်းလဲပစ်ခဲ့ပါသည်။ ဥပမာ - Jack Welch သည် ဝန်ထမ်းများထံ ပေးစရာရှိသည်များကို လက်ရေးစာဖြင့် သာရေး၍ပေးလေ့ရှိပြီး ကိန်းကြီးခန်းကြီးမနေတတ်သည့်

mgyoe.com

mgyoe.com
SAMPLE BOOK


အပြင် အရည်အချင်းမပြည့်သော ဝန်ထမ်းတစ်သိန်း ကျော်ကို အလုပ်မှ ရပ်စဲဖြုတ်ပစ်လိုက်သဖြင့် ဝန်ထမ်း များက သူ့အား 'နျူထရွန်ဂျက်' (Neturon Jack) ဟု ခေါ်ကြပေသည်။

GE တွင် အနှစ် ၄၀ လုပ်ခဲ့ပြီးနောက် Jack Welch သည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် တွင် CEO ရာထူးမှ အငြိမ်းစားယူခဲ့ပါသည်။ ၎င်းနောက် စီးပွားရေးလုပ်ငန်းများနှင့် Fortune 500 ကုမ္ပဏီ လုပ် ငန်းစုတို့တွင် Consultant အဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့ သော *Straight from the Gut* စာအုပ်တွင် သူ၏ဘဝ တစ်လျှောက်လုံး ရရှိခဲ့သောအတွေ့ကြုံနှင့် စီးပွားရေးလုပ် ငန်းပိုင်းဆိုင်ရာ မဟာဗျူဟာများကို ရေးသားဖော်ပြခဲ့ပါ သည်။

Jack Welch သည် ခေါင်းဆောင်တစ်ဦးတွင် ရှိရမည့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ရေးသား ခြင်းဖြင့်လည်းကောင်း၊ ရှေ့တန်းတွင် တာဝန်ယူနေသော ကုမ္ပဏီဝန်ထမ်းများအား လက်တွေ့တွင် ဗျူရိုကရေစီမရှိ ဘဲ သူ့အား လုပ်ချင်သည်များကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောခွင့်ပေးခြင်းဖြင့်လည်းကောင်း CEO သမိုင်းတွင် အအောင်မြင်ဆုံး CEO တစ်ဦး ဖြစ် လာပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ယခု အခန်းဆက်ဖော်ပြမည့် ဆောင်းပါးများသည် Jack Welch ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ အောင်မြင်မှုကို ရရှိစေသည့် Welch ၏ စီမံခန့်ခွဲမှုများအား အဆီအနှစ်ထုတ်ထားသောအချက်များ ဖြစ်ပါသည်။

*The Welch Way* စာအုပ်သည် Jack Welch ၏ အဆိုအမိန့် ကိုးကားချက်များ၊ ထိုးထွင်းဉာဏ်များ၊ တကယ် လုပ်ကိုင်ဆောင်ရွက်နိုင်သော အတွေးအခေါ် အကြံအစည်များ၊ ထူးခြားသော တီထွင်ဖန်တီးမှုများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

Jack Welch အား သမိုင်းက အလိုအပ်ဆုံးသောအချိန်တွင် စစ်မှန်သော ခေါင်းဆောင်တစ်ဦးအဖြစ် မွေးဖွားပေးလိုက်ခြင်းပင် ဖြစ်သည်။ သူ၏ ခေါင်းဆောင်မှု စံချိန်စံညွှန်းများနှင့် မဟာဗျူဟာများသည် ထာဝရ တည်ရှိနေမည်သာဖြစ်သည်။

*The Welch Way* တွင်ပါဝင်သော အတုယူဖွယ် ရာသင်ခန်းစာ ၂၄ ခုမှာ စွမ်းအားပြည့်သောချက်၊ လျှို့ဝှက်ချက်များပင်ဖြစ်ရာ အလွှာတိုင်းရှိ ဝန်ထမ်း၊ အလုပ်သမားများအတွက် စွမ်းရည်ပြည့်ခေါင်းဆောင်မှုပညာကို ရရှိမည်မှာ မလွဲပေ။

## ခေါင်းဆောင်ပါ (Lead)

Jack Welch သည် ခေါင်းဆောင်မှုကိုသာ လုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဆောင်သည်။ စီမံခန့်ခွဲမှုကို မလုပ်ဆောင်ပေ။ သူသည် "စီမံခန့်ခွဲသည် (Manage)" ဆိုသည့် စကားလုံးကိုပင် မကြိုက်နှစ်သက်ပေ။ အဆိုပါစကားလုံးသည် လူတွေအတွက် "ထိန်းချုပ်ခြင်း၊ မွန်းကျပ်ခြြင်း၊ အမှောင်ထုထဲနေရခြင်း" ဟု အဓိပ္ပာယ်ရသော မကောင်းသည့်အရာများ ခံစားရသယောင်ရှိသည် ဟု သူက ဆိုပေသည်။

Jack Welch သည် ခေါင်းဆောင်မှုကို မြတ်နိုးသည်။ သူသည် တွေးခေါ်မြော်မြင်မှု ဖန်တီးသည်ကိုလည်း မြတ်နိုးပြီး လူအများအလုပ်လုပ်ရန် စိတ်ဓာတ်တက်ကြွလာအောင် လုပ်ဆောင်နိုင်သူသာ ခေါင်းဆောင်အစစ်အမှန်ဖြစ်သည် ဟုဆိုပေသည်။ ၄င်းအပြင် ခေါင်းဆောင်သည် အမြော်အမြင်ရှိပြီး လူများ အလုပ်လုပ်လာနိုင်အောင်စွမ်းဆောင်နိုင်သူ ဖြစ်ရပေမည် ဟု သူ ယုံကြည်ပေသည်။

Executive များ၊ CEO များသည် ခေါင်းဆောင်မှုကို လက်ဝါးကြီးအုပ်ထားသူများ ဖြစ်သည် ဟု မိမိမယူဆကြောင်းနှင့် ၄င်းတို့တွင် ကောင်းမွန်သောအတွေးအခေါ်အကြံအစည်သာရှိကြောင်း၊ အတွေးအခေါ် အကြံအစည်ကောင်းပြီး လူတိုင်းအတွက် အဓိပ္ပာယ်အရှိဆုံး နည်းလမ်းကောင်းများနှင့် လုပ်ကိုင်နိုင်သူမှန်သမျှ ခေါင်းဆောင်တစ်ယောက် ဖြစ်နိုင်ကြောင်း သူက ဆိုပေသည်။ Jack Welch ကပင် "သူ့ရဲ့ကောင်းဆိုသည်မှာ အတွေးအခေါ်

mgyoe.com

mgyoe.com SAMPLE BOOK


အကြံအစည်အသစ် ရှိသူကို ခေါ်ပါသည်” ဟု ဆိုခဲ့ပါသည်။ အတွေးအခေါ် အကြံအစည်နှင့် ရှေ့အလားအလာ အမြော်အမြင်ဖန်တီးနိုင်မှုသာလျှင် အဖွဲ့အစည်းအတွက် ပိုမိုအရေးပါကြောင်း သူ ယုံကြည်ထားပေသည်။

သူလုပ်ကိုင်နေသော GE (General Electric) ကုမ္ပဏီတွင် အတွေးအခေါ် အကြံအစည်တစ်ခုကို ကုမ္ပဏီ၏ အသက်သွေးကြောသဖွယ် ဖန်တီးပြီး၊ ကြီးမားလှသည့် GE ယန္တယားစက်ကြီးလည်ပတ်နိုင်ရန် လိုအပ်သည့် လောင်စာကိုလည်း ဖန်တီးဆောင်ရွက်ထားရှိပေသည်။ “အကယ်၍ ကုမ္ပဏီသည် သူ့အပေါ် နှင့် သူ၏ ကောင်းမွန်သောအတွေးအခေါ် အကြံအစည်အားလုံးပေါ်တွင်သာ တည်မှီနေမည်ဆိုပါက တစ်နာရီအတွင်း နေရာ ပျောက်သွားပေမည်” ဟု သူက ဆိုပေသည်။ သူသည် စီးပွားရေးတွင် ဦးဆောင်နေသူ အတော်များများ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ ပြောဆိုဆွေးနွေးမှုများတွင် ကိုယ်တိုင် ပါဝင်ပျော်မွေ့နေတတ်သူပင်ဖြစ်သည်။ သူသည် သူ့ကုမ္ပဏီအတွက် အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိအောင် ဖန်တီးခဲ့ပေသည်။ (၎င်း၏ ကုမ္ပဏီ GE သည် ကမ္ဘာပေါ်တွင် ပြိုင်ဆိုင်နိုင်စွမ်းအရှိဆုံး စီးပွားရေးလုပ်ငန်းတစ်ခုပင် ဖြစ်ပါသည်။) ၎င်းအပြင် သူ၏အနာဂတ်ကြိုတင်မြင်နိုင်မှုများကို တကယ့်လက်တွေ့တွင် ထင်ဟပ်လာစေရန် ဆယ်စုနှစ်နှစ်ခုထက် ပိုသောကာလအတွင်း စွမ်းဆောင်ခဲ့ပေ

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ သူ့တွင် ကြီးမားသည့်စွမ်းအား၊ ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် စိတ်ဓာတ်၊ စိတ်တက်ကြွအောင် လုပ်နိုင်သည့် အရည်အချင်းနှင့် အောင်မြင်မှုရအောင် လုပ်နိုင်သည့် အရည်အသွေးတို့ ရှိသည့်အပြင် ယင်းအရည်အချင်းများနှင့် ပြည့်စုံသည့် ခေါင်းဆောင်များကိုလည်း တွေ့အောင်ရှာဖွေတတ်သူပင် ဖြစ်ပေသည်။

သင့်အနေဖြင့် Jack Welch ခေါင်းဆောင်မှုပညာ၊ ရလဒ်ကို ပိုမိုကောင်းမွန်လာနိုင်စေရန်အတွက် သင်လုပ်ကိုင်နိုင်သောအရာများကို အောက်တွင်ဖော်ပြထားပါသည်။

**(၁) အနာဂတ်ကို ကြိုတင်မြင်နိုင်အောင်၊ အမြော်အမြင်ကို ပီပီပြင်ပြင်ဖြစ်အောင် လုပ်ပြီး ၎င်းကို တစ်ပါးသူများလည်း ဆောင်ရွက်နိုင်စေရန်လုပ်ပါ။**

"၎င်းသည် ခေါင်းဆောင်မှုတွင် တကယ့်အနှစ်သာရပင်ဖြစ်သည်" ဟု သူက ဆိုပါသည်။ အနာဂတ်ကို ကြိုတင်မြင်နိုင်သော အမြော်အမြင်ကို ဖော်ဆောင်နိုင်ပြီး ၎င်းအမြော်အမြင်ကို တစ်ပါးသူများကိုလည်း သိရှိစေကာ စိတ်ဓာတ်တက်ကြွလာစေရန် လုပ်ဆောင်ပေးနိုင်သည့် မည်သည့်လူမျိုးမဆို ခေါင်းဆောင် ဖြစ်နိုင်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


(၂) အသည်းအသန်ဖြစ်နေသောကိစ္စရပ်တိုင်းကို အသေးစိတ်စီမံခန့်ခွဲခြင်းမျိုး မလုပ်ပါနှင့်။

ခေါင်းဆောင်များသည် ကိုယ့်အလုပ်ကိုယ် ပီပီပြင်ပြင် မြင်တတ်ရမည် ဟု သိရှိနားလည်ထားကြပါသည်။ အသေးစိတ်ပြီး တိကျလွန်းသော အရေးမပါလှသည့် ကိစ္စရပ်မျိုးကို စီမံခန့်ခွဲမိနေတာမျိုး မလုပ်ပါနှင့်။ ကြီးကျယ်မြင့်မြတ်သောသူတွေနှင့် ကိုယ့်ကိုဝန်းရံထားစေပြီး သူတို့၏အလုပ်တွေကို လုပ်ဖို့ သူတို့ကို ယုံပါ။

(၃) လူတိုင်းနှင့်ပတ်သက်အောင်နေပြီး ကောင်းမွန်သည့်အတွေးအခေါ် အကြံအစည်များကို မည်သည့် နေရာမျိုးကမဆို လက်ကမ်းကြိုဆိုပါ။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အကောင်းဆုံး အတွေးအခေါ် အကြံအစည်များကို လူတိုင်းထံမှ ရနိုင်သဖြင့် တစ်ဦးမှ မကျန်ရလေအောင် ဂရုစိုက်ပါ။ သင်၏အစုအဖွဲ့ (Team) ထဲမှ တည်ငြိမ်အေးဆေး တိတ်ဆိတ်အငြိမ်သက်ဆုံး သူသည် အကောင်းဆုံး အတွေးအခေါ် အကြံအစည်ရှိသူ ဖြစ်တတ်ပေသည်။

ကျွန်ုပ်တို့ ရှာဖွေနေသော ခေါင်းဆောင်များမှာ စိတ်ဓာတ်အား လျော့ပါးစေနိုင်သော၊ စိတ်ဓာတ်ကျအောင် လုပ်ဆောင်စေနိုင်သော၊ ထိန်းချုပ်တတ်သော ခေါင်းဆောင်များမဟုတ်မူဘဲ အဆင့်

mgyoe.com

mgyoe.com
SAMPLE BOOK


တိုင်းတွင် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်သော၊ စိတ်ဓာတ်တက်ကြွစေနိုင်သော၊ စိတ်ကူးစိတ်သန်းပေါ်လာစေနိုင်သောခေါင်းဆောင်များပင် ဖြစ်ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ကုမ္ပဏီအတော်များများသည် နှစ်ကာလ အတော်ကြာ စစ်တပ်အသွင် လုပ်ဆောင်ခဲ့ကြပါသည်။ တင်းကျပ်သောစည်းကမ်းအရ အကျႌဖြူနှင့် ဘောင်းဘီပြာယူနီဖောင်းဝတ်ဆင်ရပြီး နံနက် ၉ နာရီတွင် ကတ်ပြားဖောက်၊ ညနေ ၅ နာရီထက်စော၍ လုံးဝမဆင်းရ စသည်ဖြင့် တာဝန်ရှိသူက တင်းကျပ်သောအမိန့်ကို ချမှတ်ထားပါသည်။

ကြီးမားသောအရာများကို အောင်မြင်အောင် လုပ်ဆောင်ရာတွင် အဆိုပါစည်းကမ်းကြီးမှုများရှိမှသာ ရရှိနိုင်မည်ကို Welch အနေဖြင့် စဉ်းစားသိရှိခဲ့ပါသည်။ သူလုပ်ကိုင်နေသော GE (General Electric) ကုမ္ပဏီသည် စည်းကမ်းကြီးသောနေရာတစ်ခု မဟုတ်ကြောင်း ပြောဆိုခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့ကို 'Mr Welch' ဟု မခေါ်ပါ။ အမြဲတမ်း 'Jack' ဟုသာ ခေါ်ပါသည်။ သူသည် အလွတ်သဘော အစည်းအဝေး

mgyoe.com

mgyoe.com
SAMPLE BOOK


မျိုးတွင် လည်စည်း (Tie) မစည်းတတ်။ ထို့အပြင် လူတိုင်းကိုလည်း သက်သောင့်သက်သာနေရန် တိုက်တွန်းတတ်ပေသည်။

နယ်ခြားမဲ့ခြင်း (Boundaryless) (ဥပမာ- Welch ၏ဖွင့်ထားသော အဖွဲ့အစည်း နံရံမဲ့ခြင်း) သည် အလွတ်သဘော ယှဉ်ပြိုင်သည့်နေရာမျိုးတွင် အောင်မြင်ရှင်သန် ဖွံ့ဖြိုးတတ်ပေသည်။ စည်းမျဉ်းစည်းကမ်း မရှိ၊ စာချုပ်စာတမ်းမရှိ၊ အတည်ပြုချက်မလိုသည့်အခါမျိုးတွင် လူတို့သည် သူတို့၏အတွေးအခေါ် အကြံအစည်များကို ပြောရန် ဝန်မလေးတတ်ကြပေ။ ဆန်းသစ်သော အတွေးအခေါ် အကြံအစည်များသည် စီးပွားရေးလုပ်ငန်း၏ အသက်သွေးကြောဖြစ်သည်နှင့်အညီ ကိန်းခန်းကြီးမှုနှင့် စည်းကမ်းတင်းကျပ်မှုတို့ကို မပြုလုပ်ခြင်းသည် GE ၏ အောင်မြင်မှုသော့ချက် တစ်ချက် ဖြစ်ခဲ့ပေသည်။ ဥပမာ- ကုမ္ပဏီမန်နေဂျာများသည် ဝန်ထမ်းများအား စကားမပြော၊ သူတို့ပြောသည်များကိုလည်း နားမထောင်ဖြစ်နေသည့်အခြေအနေမျိုး Welch တွေ့ရှိသောအခါတွင် သူသည် ယင်းကိစ္စအတွက် တစ်ခုခုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

Welch သည် လေ့ကျင့်ခန်းတစ်ခု ဖန်တီးခဲ့ပါသည်။ ၎င်းမှာ ကုမ္ပဏီ၏လုပ်ငန်းစဉ် အနှစ်သာရပြောင်းပြီး ပြောင်းပြန်ဖြစ်အောင် လုပ်လိုက်သောအခါတွင်

mgyoe.com

mgyoe.com SAMPLE BOOK


အလုပ်သမားများသည် ၎င်းတို့၏အထက်အရာရှိများထံ မည်သို့လုပ်ရမည်ကို မေးမြန်းလာကြပါသည်။ ၎င်းမှာ ၁၉၈၀ ပြည့်နှစ် နှောင်းပိုင်းတွင်ဖြစ်ပျက်ခဲ့သော တော်လှန်သည့် အတွေးအခေါ်တစ်ခုဖြစ်ပြီး ကုမ္ပဏီတွင် အမြဲထာဝရပြောင်းလဲခဲ့သည့်နည်းလမ်းတစ်ခုပင် ဖြစ်ခဲ့ပါသည်။

Jack Welch သည် ကြီးမားသော ကော်ပိုရေးရှင်းတစ်ခု၏ အကြီးအကဲတစ်ဦး ဖြစ်သည်နှင့်အညီ သူ့အနေဖြင့် လုပ်သမျှတင့်တယ်မည် ဖြစ်သော်လည်း ကျန်လူများအနေဖြင့် မိမိတို့ကုမ္ပဏီအတွက် မည်ကဲ့သို့ လုပ်ဆောင်နိုင်ပါမည်နည်း။

သင်၏ကုမ္ပဏီအား ပိုမိုကိန်းကြီးခန်းကြီးနိုင်သည့် ကုမ္ပဏီမဖြစ်အောင် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် လုပ်နိုင်ပါသည်။

## ဝန်ထမ်းများနှင့် အထက်အရာရှိများ လွတ်လွတ်လပ်လပ် ဆွေးနွေးပြောဆိုကြခြင်း

လျှော့ပေါ့နိုင်သော ကိစ္စရပ်များကို လျှော့ပေါ့စေရန် လွယ်ကူသောနည်းလမ်းများကို ရှာဖွေကြပါသည်။ (ဥပမာ-အဝတ်အစားပြဌာန်းချက်များ လျှော့ပေါ့ရေး၊ ပြောင်းလွယ်ပြင်လွယ်သောအလုပ်ချိန်များ သတ်မှတ်ရေး စသည်ဖြင့်)

mgyoe.com

mgyoe.com
SAMPLE BOOK


**အလွတ်သဘောတွေ့ဆုံပွဲများ ပိုမိုကျင်းပပေးခြင်း**

မိမိဝန်ထမ်းများအား အစည်းအဝေးများ၊ တွေ့ဆုံပွဲများတွင် ပါဝင်ဆွေးနွေးစေခြင်းဖြင့်လည်းကောင်း၊ အစည်းအဝေးတွင် တရားဝင်မှတ်တမ်းမှတ်ရာ မှတ်ထားခြင်း မရှိပါ ဟု ကြေညာထားခြင်းဖြင့်လည်းကောင်း ဝန်ထမ်းများပေါ့ပေါ့ပါးပါးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ပါသည်။

**ရင်းနှီးဖော်ရွေမှုရရှိမည့် တွေ့ဆုံပွဲလေးများကို စီစဉ်လုပ်ကိုင်ပေးခြင်း**

ကုမ္ပဏီများရှိ ဌာနခွဲများအားလုံး စုစည်းကာ နေ့လယ်စာစားကြခြင်း၊ ဒါမှမဟုတ် အလုပ်ပြီးချိန်တွင် ဇနီး၊ ခင်ပွန်းသည်များ၊ အခြားတွေ့ဆုံသင့်သူများနှင့် အတူတကွ စားသောက်ကြခြင်းတို့ကို ပြုလုပ်ပေးနိုင်ပေသည်။

"ကိန်းကြီးခန်းကြီးမနိုင်သောကုမ္ပဏီမျိုး အဖြစ် တည်တံ့နေအောင်လုပ်ရန်မှာ မည်မျှအရေးပါကြောင်း သင် သိရှိနားလည်ထားရပါမည်"

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

Jack Welch သည် ဗျူရိုကရေစီကို ထာဝရမုန်းတီးသူဖြစ်သည်။ ဗျူရိုကရေစီသည် သူ၏ရန်သူပင် ဖြစ်သည်။ ဗျူရိုကရေစီ ဆိုသည့်အဓိပ္ပာယ်မှာ အလဟဿဖြစ်ခြင်း၊ ဆုံးဖြတ်ချက်နှေးကွေးခြင်း၊ မလိုလားအပ်သောအတည်ပြုချက်များရှိခြင်းနှင့် ကုမ္ပဏီ၏ပြိုင်ဆိုင်ချင်သောစိတ်ကို ချိုးနှိမ်ခြင်း စသည်ဖြင့် အဓိပ္ပာယ်ရလေသည်။ Welch သည် ဗျူရိုကရေစီကို နှစ်ပေါင်းများစွာ တိုက်ပွဲဆင်ခဲ့ရပါသည်။ သူသည် GE တွင်ရှိနေသည့် ယှဉ်ပြိုင်မှုလျော့ပါးစေနိုင်သောကိစ္စမှန်သမျှကို တိုက်ဖျက်ခြင်းဖြင့် ဗျူရိုကရေစီပပျောက်အောင် ဆောင်ရွက်ခဲ့ပါသည်။

Welch အနေဖြင့် ဗျူရိုကရေစီစနစ်ကျင့်သုံးသောကုမ္ပဏီပပျောက်အောင်လုပ်ရန်မှာ လူတိုင်း၏အလုပ် ဖြစ်သည် ဟု ခံယူထားပါသည်။ သို့ဖြစ်ရာ Welch သည် သူ၏ဝန်ထမ်းများအားလုံးကို "ဗျူရိုကရေစီကို

mgyoe.com

mgyoe.com
SAMPLE BOOK


တိုက်ပါ၊ ကန့်ထုတ်ပါ" ဟု တိုက်တွန်းခဲ့ပါသည်။ သို့မှသာ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဗျူရိုကရေစီမှာ GE ၏ ရှယ်ယာတန်ဖိုးအတွက် အရေးပါသော အခန်းကဏ္ဍက ပါနေသည်ကို သိလာကြပေသည်။

ကောလိပ်ကျောင်းသားလူငယ်တစ်ဦးက Welch အား သူသည် ကြီးမားသောကုမ္ပဏီတစ်ခုတွင် ဗျူရို ကရေစီကို ရင်ဆိုင်တွေ့ပါက မည်ကဲ့သို့လုပ်ဆောင်သင့် သည်ကို မေးမြန်းသည့်အခါ GE ဥက္ကဋ္ဌ ဖြစ်သူ Welch က သူ့အား အကြံပေးလိုက်သည်မှာ "လက်ပစ်ဗုံး ကိုင် ဆောင်ပြီး ဖောက်ခွဲပစ်လိုက်စမ်းပါ" ဟုပင်။ ဗျူရိုကရေစီ ဖြင့် အလဟဿဖြစ်နေသောအဖွဲ့အစည်းကို ပပျောက် အောင် အနည်းဆုံး ကြိုးစားဆောင်ရွက်ခြင်းသည်ပင်လျှင် လူတိုင်း၏တာဝန်ဖြစ်သည် ဟု သူခံယူထားပါသည်။

သို့ရာတွင် တကယ်လက်တွေ့လုပ်သည်ထက် ပြောသည်ကလွယ်သည်ကို သူ နားလည်ထားပါသည်။ "အဆိုပါ ရောဂါဆိုးကြီး၊ ထာဝရအကင်းသေအောင် မလုပ်နိုင်ပါ" ဆိုသည်ကို သူသဘောပေါက်ထားပါသည်။ သို့ဖြစ်ရာ Welch က အဆိုပါ ဗျူရိုကရေစီကို ကုမ္ပဏီ အဖွဲ့အစည်း၏ သွေးစုပ်ဖုတ်ကောင် (Dracula) ဟု သမုတ်ထားပေသည်။ အကြောင်းမှာ ယင်းဗျူရိုကရေစီ သည် နှစ်အနည်းငယ်အတွင်း သေရာမှ ပြန်ရှင်လာနိုင် သည့်အခြေအနေရှိ၍ပင်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖွဲ့အစည်းအတွင်း ရှင်းလင်းလွယ်ကူစေရန်၊ ရှုပ်ထွေးမှု၊ ကိန်းခန်းကြီးမှုများ ဖယ်ရှားရန်နှင့် အဖွဲ့အစည်း ပိုမိုလျင်မြန်သွက်လက်စွာ တုံ့ပြန်နိုင်စေရန် ဆောင်ရွက်နိုင်မှု မှန်သမျှသည် ဗျူရိုကရေစီကို လျော့ပါးစေမည်ဖြစ်ရာ အောက်ပါတို့ကို လုပ်ဆောင်ရပါမည်။

မလိုအပ်သည့် အပိုအလုပ်များကို မလုပ်ပါနှင့်။

အဖွဲ့အစည်း အတော်များများတွင် စည်းကမ်းနည်းလမ်းများ များပြားလွန်းခြင်း၊ အတည်ပြုချက်ရယူရမည့်ကိစ္စများ ထူပြောနေခြင်းနှင့် ပုံစံစာရွက်စာတမ်းများ ပြားခြင်းတို့ ရှိနေပေရာ ဝန်ထမ်းအဖွဲ့ဖွဲ့၍ မည်သည့်နည်းလမ်းဟောင်းများကို ပယ်ဖျက်နိုင်သည်၊ သို့မဟုတ် ပိုမိုကောင်းမွန်အောင် လုပ်နိုင်သည်တို့ကို ဆွေးနွေးတွက်ချက်ရပါမည်။

ဆုံးဖြတ်ချက်ချရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန် လုပ်ဖော်ကိုင်ဖက်များနှင့် အတူတကွ အလုပ်လုပ်ပါ။

အကယ်၍ ကုမ္ပဏီတစ်ခုသည် တစ်ပတ်လျှင် ဆုံးဖြတ်ချက်တစ်ခု ချနေရပါက ယင်းကုမ္ပဏီ၏လုပ်ငန်းစဉ်များမှာ ရှင်းလင်းလွယ်ကူနေရန် လိုပေမည်။ မှန်ကန်သော နည်းလမ်းကိုသာမသိကြလျှင် ပိုမိုရှုပ်ထွေးလာနိုင်ပေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အလုပ်လုပ်သည့်နေရာကို ပိုမိုကိန်းခန်းမကြီးသည့်နေရာမျိုး ဖြစ်အောင် လုပ်ထားပါ။

မှတ်တမ်းမှတ်ရာ ပို့မည့်အစား၊ လက်ရေးဖြင့်သာ မှတ်ချက်ရေးပို့ပါ။ (Jack Welch သည် လက်ရေးမှတ်စုကိုသာ သဘောကျပါသည်။ 'Jack' ဟုရေးသည်ကို ကြိုက်ပါသည်။ 'Mr Jack' ဟုရေးသည်ကို မနှစ်သက်ပါ) အစည်းအဝေးကို ပုံစံကျကျ စည်းကမ်းနည်းလမ်းတကြီး လုပ်မည့်အစား၊ အာလာပသလ္လာပပြောရင်း လုပ်လိုက်ပါ။ တစ်ဦးနှင့်တစ်ဦး အချီအချဆွေးနွေးမှုကို အားပေးပြီး ပေါင်းစည်းမှု လှေကားကို ခင်းချလိုက်ပါ။

ယင်းပုဂ္ဂိုလ်များ၏စွမ်းအားကို ရယူသည့်ကိစ္စမှာ ၎င်းတို့အား ကာကွယ်တားဆီးခြင်းမဟုတ်ပါ။ သို့ရာတွင် ၎င်းတို့အား သက်သာစေရန် ၎င်းတို့၏ကျောကုန်းပေါ်က စီမံခန့်ခွဲမှုဝန်ထုပ်ဝန်ပိုးကျသွားစေရန်၊ ဗျူရိုကရေစီ သံခြေချင်း ကျွတ်သွားစေရန်နှင့် ၎င်းတို့လျှောက်မည့်လမ်းတွင် လုပ်ငန်းအခက်အခဲ အတားအဆီး မရှိစေရန်ပင် ဖြစ်သည်။

Jack Welch က "စီးပွားရေးလုပ်ငန်းဆိုသည်မှာ ဘဝတစ်ခုကဲ့သို့ပင် အနှစ်ချုပ်လိုက်လျှင် တစ်ခုတည်းရှိပါသည်။ ၎င်းမှာ အဖြစ်မှန်ကို ရင်ဆိုင်၊ ၎င်းနောက်ယင်းအဖြစ်မှန်အပေါ် အခြေခံပြီး မှန်ကန်သောဆုံးဖြတ်ချက်ကို ချရန်ပင်ဖြစ်ပေသည်။ သူ့အတွက်မူ ၎င်းထက်

mgyoe.com

mgyoe.com SAMPLE BOOK

ပိုပြီးအခြေခံကျသည့် အရေးကြီးသော တွေးခေါ်ယူဆချက်မရှိပါ” ဟု ဆိုပေသည်။

‘အဖြစ်မှန်ကိုရင်ဆိုင်’ ဆိုသည့် Jack Welch ၏ဒဿနမှာ သူ၏ငယ်စဉ်ကလေးဘဝက စတင်သန္ဓေတည်ခဲ့သည် ဟု ဆိုရချိမ့်မည်။ အကြောင်းမှာ Welch ၏ မိခင်သည် သူမ၏သားဖြစ်သူအား အမြဲတမ်းလိုလို “ကိုယ့်ကိုယ်ကိုယ် မညာနဲ့”ဟု အားပေးဆုံးမလေ့ရှိပြီး၊ အရာရာကို ပကတိအခြေအနေအတိုင်းနှင့် အရှိကိုအရှိအတိုင်းသာ မြင်တတ်ကြည့်တတ်ရန်၊ ကိုယ် ဖြစ်စေချင်သလို မမြင်တတ်မကြည့်တတ်စေရန် သွန်သင်ခဲ့ပေသည်။

Jack Welch သည် အဆိုပါ တည်တံ့ခိုင်မြဲသည့် ဆုံးမချက်သင်ခန်းစာကို မည်သည့်အခါတွင်မှ မေ့ပျောက်၍မရတော့ဘဲ၊ သူ၏အောင်မြင်မှုများတွင် အဆိုပါ ဆုံးမသွန်သင်မှုသည် တန်ဖိုးရှိသော အခန်းကဏ္ဍက ပါဝင်နေခဲ့ပေသည်။

Jack Welch သည် GE ကုမ္ပဏီတွင် အမှုဆောင်အရာရှိချုပ် (CEO) ဖြစ်လာသောအခါ လူအတော်များများက GE ကုမ္ပဏီအား အလွန်ကြီးမားသော ကုမ္ပဏီတစ်ခုအဖြစ် ထင်မှတ်နေကြကြောင်း သူသိခဲ့ရပေသည်။

အမေရိကန်နိုင်ငံတွင် GE ကုမ္ပဏီသည် အမှန်တကယ်ပင် ထိပ်ဆုံးရောက်နေသည့် ကုမ္ပဏီတစ်ခု ဖြစ်

mgyoe.com

mgyoe.com
SAMPLE BOOK


လင့်ကစား Jack Welch ကမူ ယင်းကုမ္ပဏီသည် ဒုက္ခတွေ့နေသောကုမ္ပဏီအဖြစ် မြင်ပေသည်။ အကြောင်းမှာ ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုး (Market Value) များစွာ ပျောက်ဆုံးနေခြင်းနှင့် နောက်တစ်ခုမှာ ကုမ္ပဏီသည် ဗျူရိုကရေစီနွံတွင်း၌ ပိပြီးနစ်နေခြင်းတို့ကြောင့်ပင် ဖြစ်သည်။

အများက Jack Welch အား ကုမ္ပဏီနှင့် ကုမ္ပဏီ၏ သမိုင်းကြောင်းအပေါ် စာနာထောက်ထားကာ ဆောင်ရွက်သွားမည် ဟု ထင်နေကြသော်လည်း Jack Welch သည် ကုမ္ပဏီတစ်ခုလုံးကို အပေါ်မှအောက်သို့ ပြန်လည်ပြင်ဆင်လုပ်ဆောင်ခြင်းနှင့် အားလုံးကိုတော်လှန်ပြောင်းလဲပစ်ခြင်းလုပ်ငန်းအား စတင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

Welch ၏အောက်ခြေအမြစ်ကစ ပြုပြင်ပြောင်းလဲ တော်လှန်ချင်သည့်စိတ် နှလုံးသားထဲကိန်းအောင်းခြင်း၏မူလဇာစ်မြစ်မှာ သူ၏ 'အဖြစ်မှန်ကိုရင်ဆိုင်ခြင်း' ဆိုသည့်ခံယူချက်ပင် ဖြစ်ပါသည်။ သူ CEO ဖြစ်ခါစ အစောပိုင်းတွင် အရာအားလုံးကို အမှန်တကယ် ပကတိ အခြေအနေဖြစ်ရပ်မှန်အတိုင်းပင် ကြည့်တတ်မြင်တတ်ရန် သတိထားခဲ့ပေသည်။ အရာဝတ္ထုများသည် သူဘာသာ ပိုမိုကောင်းမွန်လာလိမ့်မည် ဟု ရှုးကြောင်ကြောင် ပေါ်တောတော အတွေးအခေါ်မျိုး မည်သည့်အခါတွင်မှ

mgyoe.com

mgyoe.com

SAMPLE BOOK

မတွေးခေါ်တတ်ပေ။ Jack Welch သည် တကယ့်ဖြစ်ရပ်မှန်ကို သိရှိနားလည်လာအောင်လုပ်ပြီးမှ အဆိုပါအရာဝတ္ထုများ ပိုမိုကောင်းလာအောင်လုပ်ရာတွင် ပံ့ပိုးမှုပေးနိုင်သော မဟာဗျူဟာများ၊ တီထွင်ကြံဆမှုများကို စတင်အသုံးပြုနိုင်စေရန် အစပျိုးခဲ့ပေသည်။ Jack Welch အနေဖြင့် GE ကုမ္ပဏီ၏လုပ်ငန်းများ အောင်မြင်မှုမရှိသည်ကို သိရှိလာသောအခါတွင် သူသည် GE ကုမ္ပဏီလုပ်ငန်းတစ်ရာကျော်ကို ရောင်းထုတ်ခြင်းနှင့် အလုပ်သမား တစ်သိန်းခွဲကို အလုပ်မှရပ်စဲခြင်းတို့ ပြုလုပ်ခဲ့ပေသည်။

'အဖြစ်မှန်ကိုရင်ဆိုင်ခြင်း' ဆိုသည့်အဓိပ္ပာယ်မှာ လူကြိုက်မများသော ပြောဆိုခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ပင် ဖြစ်ပေသည်။ အားလုံးပြီးစီးပြီးသည့်နောက်တွင် ဤလုပ်ငန်းများသည် မကောင်းဘူး ဟု မည်သူကြားချင်ပါမည်နည်း၊ သို့မဟုတ် ဤလုပ်ငန်းများသည် ပိုပြီးကောင်းလာမည်မဟုတ်ပါ ဟု မည်သူကြားချင်ပါမည်နည်း။ သို့ရာတွင် Jack Welch အနေဖြင့် အဖြစ်မှန်ကို မြဲမြံစွာဆုပ်ကိုင်ထားခြင်းဖြင့် အရာရာကို ပိုပြီးကောင်းလာအောင် စတင်လုပ်ကိုင်နိုင်ရမည် ဟု စွဲမှတ်ထားရှိခဲ့ပေသည်။ သို့ဖြစ်ရာ နောင်ကာလများတွင် Boss ၊ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များက အဖြစ်မှန်ကိုရင်ဆိုင်တတ်လျှင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ကြောင်း သိရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


နားလည်သဘောပေါက်ပြောဆိုလာပေသည်။ ဤနည်းဖြင့် Jack Welch သည် ဟောင်းနွမ်းနေသော ဗျူရိုကရေစီကို ယနေ့ကမ္ဘာတွင် တန်ဖိုးအရှိဆုံး ကော်ပိုရေးရှင်းအဖြစ်သို့ ပြောင်းလဲခဲ့ပေသည်။

'ကိုယ့်ကိုယ်ကိုယ် မလိမ်ညာမိဖို့' လုပ်ရမည့်နည်းလမ်းများအချို့ကို အောက်တွင် ဖော်ပြထားပါသည်။

**အရာရာကို ရဲရဲကြည့်ပါ။**

တစ်ခါတစ်ရံ၌ လူတို့သည် အမှန်တရားကို ကြည့်ရာတွင် အရာဝတ္ထုများနှင့် များစွာ ထိကပ်နီးစပ်လွန်းတတ်ပါသည်။ သို့ဖြစ်ရာ ကိုယ့်အခြေအနေကို ရှုမြင်သုံးသပ်နိုင်ဖို့ အပြင်လူတစ်ဦးသဖွယ် ကြည့်ရပေမည်။ စာရွက်လွတ်တစ်ရွက်တွင် မိမိ ဝေဖန်သုံးသပ်သမျှသော အခြေအနေမှန်ကို ချရေးလိုက်ပါ။ ၎င်းသည် သင့်အား အရာရာကို ပတ်ဝန်းကျင်၏ဩဇာလွှမ်းမိုးမှုကင်းစွာနှင့် မြင်တတ်ဖို့ ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

**လွဲမှားသောအခြေအနေဆိုး ထောင်ချောက်ထဲ မသက်ဆင်းမိပါစေနှင့်။**

စီးပွားရေးလုပ်ကိုင်နေသူ အတော်များများက မိမိလုပ်ကိုင်နေသည့် အရာများသည် ပိုမိုကောင်းမွန်လာကြလိမ့်မည် ဟု ယူဆထားတတ်ကြပေသည်။ ၎င်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK


လွဲမှားပြီး ချောက်ကျမည့်အရေးပင် ဖြစ်သည်။ မိမိဖြစ်စေချင်သည့်ဆန္ဒများအပေါ် အခြေခံသော ဇာတ်လမ်းများကို မဖန်တီးပါနှင့်။ သင့်အနေဖြင့် အမှန်တရားကို ရင်ဆိုင်ရပါမည်။ အကယ်၍ ကျွန်ုပ်တို့တွေးထင်ထားသလို အရာများက ပိုပြီးကောင်းမလာခဲ့သော် ကျွန်ုပ်တို့ ဘာလုပ်နိုင်ပါမည်နည်း။

## သင့်ကိုယ်သင် လုပ်နည်းများစွာသိအောင် လုပ်ထားပါ။

ပြောင်းလဲရန် အကောင်းဆုံးအချိန်သည် သင်လုပ်ချင်သောအချိန်ပင် ဖြစ်ပါသည်။ သင်လုပ်ရမည့်အချိန်မဟုတ်ပါ။ အခြေအနေကို လေ့လာအကဲခတ်သုံးသပ်သောအခါတွင် ထွက်ပေါ်လာမည့်ရလဒ်အမျိုးမျိုးပေါ် အခြေခံပြီး ဇာတ်လမ်းဇာတ်ကွက်ပေါင်းများစွာကို တည်ဆောက်ပါ။ အကယ်၍ စီမံကိန်းချထားသည့်အတိုင်း မလုပ်နိုင်ခဲ့လျှင် အစားထိုးနိုင်ရန် နောက်စီမံကိန်းတစ်ခု (Plan B) ကို အမြဲအရန်သင့်ထားရှိပါ။

သင့်အနေဖြင့် လူတွေကို ပြောင်းလဲမှုဖြစ်စဉ်အတွင်းသို့ မည်သို့ခေါ်ဆောင်သွားမည်နည်း။ အဖြစ်မှန်နှင့် စလိုက်ပါ။ လူတိုင်း လူတိုင်း အလားတူ မှန်ကန်သောအခြေအနေမှန်ကို ရပြီဆိုလျှင် သူတို့သည် ယေဘုယျအားဖြင့် အလားတူ နိဂုံးကမွတ်အဆုံးသတ်နိုင်ကြမည်ဖြစ်ပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

စီးပွားရေးလုပ်ငန်းသည် ရှုပ်ထွေးနေရမည် ဟု Jack Welch မတွေးပါ။ စီးပွားရေးလုပ်ငန်းကို လွယ်ကူအောင်လုပ်ထားခြင်းသည် အဆိုပါ စီးပွားရေးလုပ်ငန်း အောင်မြင်မှုအတွက် သော့ချက်တစ်ခု ဖြစ်သည် ဟု သူ ယုံကြည်ပေသည်။ သူ၏ ရည်မှန်းချက်ပန်းတိုင်မှာ "ကျွန်ုပ်တို့ဆောင်ရွက်သည့်လုပ်ငန်းတိုင်းတွင် ရှုပ်ထွေးမှုမရှိအောင် လုပ်ဆောင်ရန်နှင့် GE ကုမ္ပဏီတွင်လည်း ရှုပ်ထွေးမှုမရှိအောင် လုပ်ဆောင်မည်"ဟု သူက ဆိုလေသည်။

"တူညီသောသတင်းအချက်အလက်ကို အသုံးပြုသည့်အခါမျိုးတွင် လူတို့သည် မည်သည့်ပြဿနာတွင်မဆို တူညီသောအဖြေကို အမြဲတမ်း နီးပါးရရှိမည်သာဖြစ်ပေသည်" ဟု Jack Welch က မကြာခဏ ဆိုပေသည်။ "ဒါဟာ ဒုံးပျံလွှတ်တဲ့အာကာသသိပ္ပံပညာရပ်ဆိုင်

mgyoe.com

mgyoe.com SAMPLE BOOK


ရာအလုပ် မဟုတ်ပါဘူး”ဟု တစ်ကြိမ်မက သူ ဟစ်ကြွေး တတ်ပေသည်။

လွယ်ကူရှင်းလင်းအောင်လုပ်ရန်မှာ “ကြီးမားသောကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု” လိုအပ်သည် ဟု Jack Welch ယုံကြည်လက်ခံထားပေသည်။ ၎င်းအပြင် “ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုဆိုသည်မှာ တိုးတက်မှုကို ရှာဖွေနေသည့် မည်သည့်အဖွဲ့အစည်းတွင်မဆို အရေးပါသောအမည်များထဲက အမည်တစ်မည်ဖြစ်ပြီး ထိုအမည်သည် ကိန်းခန်းမကြီးသော နယ်ပယ်တွင် ရှင်သန်တည်ရှိနေသည်” ဟု Jack Welch ခံယူထားသည်။ ၎င်း၏ ထူးခြားသော အစီအစဉ်များနှင့် ဦးဆောင်မှုအတော်များများသည် GE ကုမ္ပဏီအား ပိုမို လွယ်ကူရှင်းလင်းသော ကုမ္ပဏီတစ်ခုဖြစ်လာစေရန် အထူး တီထွင်ဒီဇိုင်းရေးဆွဲထားသည့်သဘော သက်ရောက်နေပေသည်။

လွယ်ကူရှင်းလင်းစေရေးကို ဦးတည်တတ်သော Jack Welch ၏ဆန္ဒအရင်းခံပေါက်ပွားလာမှုကို ကုမ္ပဏီတွင် စတင်လုပ်ဆောင်ခဲ့သည့် သူ၏အစောပိုင်းကာလများမှတစ်ဆင့် ပြန်လည် ခြေရာကောက်နိုင်ပေသည်။ Jack Welch စတင်လုပ်သောအလုပ်မှာ သေးငယ်သောပလတ်စတစ်ဓာတ်ခွဲခန်းတစ်ခုဖြစ်ခဲ့ပြီး ၎င်းအလုပ်တွင် သူသည် သေးငယ်သော Team အဖွဲ့ဝင်တစ်ဦးဖြစ်သော်လည်း ဖျတ်လတ်တက်ကြွသဘောပေါက်လွယ်သောသူ

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဦး ဖြစ်ခဲ့သည်။ ၎င်းအလုပ်တွင် လွယ်ကူရှင်းလင်းအောင် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဗျူရိုကရေစီကို မည်သည့်နေရာတွင်မှ မတွေ့ရှိရပေ။

သို့ဖြစ်၍ Jack Welch အနေဖြင့် ဗျူရိုကရေစီအား တွန်းလှန်ဖြိုဖျက်ရန်မလိုတော့ဘဲ ၎င်းအချိန်များကို သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်လုပ်ကိုင်မှုကို အာရုံစူးစိုက်ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများထူထောင်မှုကို ဦးစားပေးလုပ်ဆောင်ခြင်း၊ ကုန်ပစ္စည်းအသစ်များ၊ ဖန်တီးထုတ်လုပ်ခြင်းနှင့် သူ နှစ်သက်မြတ်နိုးသောလုပ်ငန်းများကို ဇောင်းပေးလုပ်ကိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ Jack Welch အတွက် အလုပ်စတင်လုပ်ကိုင်ခဲ့သော အစောပိုင်းကာလများတွင် စီးပွားရေးလုပ်ငန်းများသည် စိတ်လှုပ်ရှားစရာများ ရှိခဲ့သော်လည်း ခက်ခဲရှုပ်ထွေးမှုမရှိဘဲ လွယ်ကူရှင်းလင်းကာ လုပ်ငန်းတွင် နားလည်ရန်ခက်ခဲသော ဝေါဟာရစကားလုံးများ၊ ရှုပ်ထွေးခက်ခဲမှုများ ကင်းစင်လျက် ဆောင်ရွက်နိုင်ခဲ့ပေသည်။ Jack Welch သည် နောင် ဆယ်စုနှစ်လေးနှစ်ကာလအတော်များများ၌ GE ကဲ့သို့သော ကြီးမားသည့်ကုမ္ပဏီကြီးမျိုးတွင် လွယ်ကူရှင်းလင်းမှုရှိလာစေရန် တဖြည်းဖြည်း စိမ့်ဝင်ပျံ့နှံ့လုပ်ဆောင်ခဲ့သည်။

သင်၏ကုမ္ပဏီအဖွဲ့အစည်းကို ပိုမိုလွယ်ကူရှင်းလင်းအောင် လုပ်ဆောင်နိုင်မှုမှန်သမျှသည် Jack Welch

mgyoe.com

mgyoe.com SAMPLE BOOK


၏ မျှော်မှန်းချက်ကို ရှေ့တစ်လှမ်းတိုးထိစပ်လိုက်ခြင်းပင် ဖြစ်ရာ ယင်းလုပ်ဆောင်ချက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

အလုပ်နေရာ ရှင်းလင်းလွယ်ကူရှိပါစေ။

ကုမ္ပဏီအတော်များများတွင် ပုံစံများ၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုနည်းလမ်းများမှာ များစွာ ရှုပ်ထွေးများပြားမှု ရှိတတ်ကြသည်။ အဆိုပါ ရှုပ်ထွေးများပြားနေမှုများ၊ အလေအလွင့်ရှိမှုများ၊ အချိန်ကုန်နေမှုများကို ရှာဖွေဖော်ထုတ်ကာ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အဆိုပါကိစ္စရပ်များအား ပယ်ဖျက်ခြင်း၊ သို့မဟုတ် လွယ်ကူချောမွေ့အောင် လုပ်ဆောင်ခြင်းတို့ ပြုလုပ်ပါ။

တွေ့ဆုံမှုများကို ပိုမိုလွယ်ကူအောင် လုပ်ဆောင်ပါ။

Jack Welch အနေနှင့် သူ၏လုပ်ငန်းပိုင်းဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံသောအခါတွင် တွေ့ဆုံမည့်အစီအစဉ်ကို ရှုပ်ထွေးမှုမရှိအောင် တစ်မိနစ်ချင်း လုပ်ဆောင်ပါသည်။ ၎င်းအပြင် သူ၏ မန်နေဂျာများကိုလည်း လွန်ခဲ့သည့် ရက်ပေါင်း ၉၀ တွင် ရရှိခဲ့သော အကောင်းဆုံး အကြံအစည်အတွေးအခေါ်များကို သူ့အား ရှင်းလင်းလွယ်ကူစွာ ပြောဆိုအကြံဉာဏ်ပေးရန် လှုံ့ဆော်ခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ရှုပ်ထွေးခက်ခဲသောမှတ်တမ်းများနှင့် စာများကို ပယ်ဖျက်ပါ။

Jack Welch သည် ရှုပ်ထွေးသောမှတ်တမ်းများ စနစ်ကို အသုံးမပြုဘဲ လက်နှင့်ရေးသည့် လွယ်ကူရှင်းလင်းသော မှတ်စုကို ပိုမိုနှစ်သက်ပေသည်။ ဆက်သွယ်ရေးဆိုသည်မှာ ရှုပ်ထွေးသော၊ နားမလည်နိုင်သော စကားလုံးများကိုမသုံးဘဲ အတွေးအခေါ် အကြံအစည်နှင့် ရှင်းလင်းလွယ်ကူမှု ရှိသင့်ကြောင်း JackWelch ခံယူထားသည်။

"လူတွေအတွက် လွယ်ကူရှင်းလင်းအောင် လုပ်ဖို့ မည်မျှခက်ခဲသည်၊ ရိုးသားမှုဖြစ်စေဖို့အတွက်လည်း မည်မျှ စိုးရိမ်ပူပန်ခဲ့ရသည်ကို သင် ယုံနိုင်မည် မဟုတ်ပါ။ ရှင်းလင်းပြတ်သားပြီး စိတ်ဓာတ်မာကျော ဖွဲ့မလျှော့သည့်သူများသည်ကား အရိုးသားဆုံးသူများပင် ဖြစ်ပေသည်"

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

Jack Welch CEO ဖြစ်လာချိန်တွင် GE ၌ စီမံခန့်ခွဲမှုစနစ်မှာ 'အမိန့်ပေးခြင်းနှင့်ထိန်းချုပ်ခြင်း' စနစ်ဖြစ်ပြီး နှစ်ပေါင်းများစွာကပင် ထွန်းကားနေခဲ့ပြီး ဖြစ်သည်။ အဆိုပါစနစ်သည် စစ်တပ်တွင်သုံးသည့်စနစ်မှ တဖြည်းဖြည်း ဆင်းသက်ထွန်းကားလာခဲ့ပြီး လုပ်ပိုင်ခွင့်အာဏာရရှိရေးမှာ ရာထူးအဆင့်ပေါ်တွင် တည်ရှိနေပေသည်။

Welch CEO ရာထူးကို ရယူချိန်တွင်မူ မန်နေဂျာအများစုအနေဖြင့် 'အမိန့်ပေးခြင်းနှင့် ထိန်းချုပ်ခြင်း' သည် ကြီးမားသောကုမ္ပဏီတစ်ခုကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အကောင်းဆုံးနည်းလမ်း ဖြစ်သည် ဟု မှတ်ယူထားကြသည်။ မန်နေဂျာများအနေဖြင့် အလုပ်သမားများကို မဟိန်းဟောက်၊ အမိန့်မပေးဘဲ ယင်းကဲ့သို့ ကုမ္ပဏီကြီးမျိုးတွင် မည်သည့်လုပ်ငန်းကိုမှ ပြီးစီးအောင် မလုပ်နိုင် ဟုလည်း မှတ်ယူထားကြပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


Welch အနေဖြင့် ရာထူးသင်္ကေတပါတိုင်း ဦးမဆောင်နိုင် ဟု မှတ်ယူထားသည်။ သူ့အနေဖြင့် 'ခေါင်းဆောင်မှု' ဆိုသည့် စကားလုံး၏ အတွေးအခေါ်၊ အယူအဆတို့ကို အများနားလည်လာအောင် ရှင်းပြခဲ့သည်။ 'ခေါင်းဆောင်မှု' ဆိုသည့် စကားလုံးတွင် 'နယ်သတ်မျဉ်းမဲ့' (Boundaryless) ဆိုသည့် စကားလုံးပါဝင်ပြီး အတွေးအခေါ်၊ လူပုဂ္ဂိုလ်၊ ဆုံးဖြတ်ချက်များ စသည်တို့ လွတ်လပ်စွာ စီးဆင်းနိုင်မှုကို တားဆီးနေသည့် 'ဗျူရိုကရေစီ' မရှိသော အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဖန်တီးနိုင်ရမည် ဟု ဆိုသည်။

Jack Welch ခံယူထားသည်မှာ "စစ်မှန်သော ခေါင်းဆောင်မှုသည် လူတစ်ဦး၏ အမြော်အမြင်ကြီးမှု အရည်အချင်းနှင့် ထူးခြားသောလုပ်ဆောင်မှုရအောင် ဖန်တီးပေးသော အရည်အသွေးတို့မှ ပေါက်ဖွားလာသည်" ဟူ၍ပင်။ အကောင်းဆုံး မန်နေဂျာများသည် တစ်ပါးသူကို ခြိမ်းခြောက်မာန်မဲ၍ ခေါင်းမဆောင်တတ်ပါချေ။ ဥပမာ- "ငါက Boss ပဲ၊ ငါပြောတာ မင်းလုပ်ရမယ်" ဟူသည့် စကားမျိုး မပြောတတ်ကြပါ။ တစ်ပါးသူများ အလုပ်လုပ်ချင်လာစေရန် အားပေးသည့်အနေဖြင့် စိတ်အားထည့်၍သာ ဦးဆောင်တတ်ကြပါသည်။ ဥပမာ- "မင်းလုပ်နိုင်အောင် အဲဒါကတော့ ငါ့အမြင်ပဲ၊ ဒါကတော့ မင်း တကယ်ကူညီလုပ်ဆောင်ပေးနိုင်တဲ့နည်းလမ်းပဲ" ဟူ

mgyoe.com

mgyoe.com SAMPLE BOOK


သည့် စကားမျိုး ပြောရမည် ဟု Welch က ဆိုသည်။

ယနေ့ ခက်ခဲရှုပ်ထွေးလှသောကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းများတွင် Jack Welch ၏ခေါင်းဆောင်မှုပုံစံမှာ တစ်မူထူးခြား အရေးပါလှပေသည်။ သင့်အနေဖြင့် မန်နေဂျာဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကိုယ့်လုပ်ငန်းပြီးစီးရန် သူတစ်ပါးအား မှီခိုတည်မှီနေရလျှင် အဆိုပါ ခေါင်းဆောင်မှုပုံစံမျိုးကို လက်လွှတ်၍ ရမည်မဟုတ်ပေ။ သင့်အနေဖြင့် ကိုယ့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးကြသူတို့ကို လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုကျေးဇူးတင်သောအခါမျိုးတွင် ၎င်းတို့အနေဖြင့် စိတ်ဓာတ်ရေးရာ ပိုမိုတက်ကြွလာပြီး ကိုယ့်အကျိုးအတွက် ဆောင်ရွက်ပေးမည် မလွဲ ဟု Welch ယုံကြည်ထားသည်။

အထူးသဖြင့် သင့်အား 'ဘော့စ်' ဟု မခေါ်သော ဝန်ထမ်းများ အလုပ်လုပ်ကြစေရန်အတွက် ဖော်ပြပါ Jack Welch ၏အပြုအမူများကို လိုက်နာလုပ်ဆောင်ရန် ဖြစ်ပါသည်။

မည်သည့်အခါတွင်မှ မာန်မဲပြီး ဦးမဆောင်ပါနှင့်။

Jack Welch သည် သက်ဦးဆံပိုင် အာဏာရှင်လို လူမျိုး၊ ဩဇာအာဏာကို မက်မက်မောမော ဖက်တွယ်နေသည့်လူမျိုးကို မည်သည့်အခါတွင်မှ မန်နေဂျာအဖြစ် မခန့်ထားတတ်ပေ။ ယင်းစနစ်မှာ စီးပွားရေးလုပ်ငန်း

mgyoe.com

mgyoe.com
SAMPLE BOOK


တွင် အသုံးချရန် ဟောင်းနွမ်းနေပြီ ဟု ဆိုသည်။

**ဝန်ထမ်းများ၏ကြိုးစားအားထုတ်မှုသည် ကုမ္ပဏီအဖွဲ့အစည်းအတွက် မည်သို့မည်ပုံ အထောက်အကူပြုနေကြောင်း ဝန်ထမ်းများကို လေး လေးနက်နက် သိခွင့်ပေးပါ။**

လူတိုင်းလိုလိုပင် အထောက်အကူ ပြုချင်ကြသောကြောင့် သူတို့သည် ကုမ္ပဏီအဖွဲ့အစည်း၏ရည်မှန်းချက်ပန်းတိုင်များဆီ ရောက်ရှိအောင်မြင်ရေးအတွက် သူတို့၏ လုပ်ဆောင်ချက်များက မည်သို့မည်ပုံ ကူညီပံ့ပိုးနေသည်ကို သိချင်ကြပါသည်။

**မိမိ၏လုပ်ဖော်ကိုင်ဖက်များနှင့် ဝယ်ယူသူများထံ လက်ရေးဖြင့် ရေးသားထားသည့် "ကျေးဇူးတင်ရှိကြောင်းစာ" ကို ပေးပို့ပါ။**

Jack Welch သည် လူများအား ကျေးဇူးတင်ရှိကြောင်း လက်ရေးဖြင့်ပေးပို့ရာတွင် ကျွမ်းကျင်သူတစ်ဦးပင်ဖြစ်ပါသည်။ ယင်းသို့ လက်ဖြင့်ရေးရသောကြောင့် အချိန်အနည်းငယ်ပိုကုန်သည်နှင့်အမျှ ထာဝရအကျိုးသက်ရောက်မှုရှိနေမည်မှာ အမှန်ပင်။

'ကျွန်ုပ်တို့သည် ယခုအချိန်အခါတွင် စစ်မှန်ပြီး အတိုင်းအဆ အကန့်အသတ်မဲ့ ထုတ်လုပ်မှုစွမ်းအား မည်သည့်နေရာကလာသည်ကို သိရှိပြီးဖြစ်ပါသည်။ ယင်းထုတ်လုပ်မှုစွမ်းအားသည် စိန်ခေါ်နေ

mgyoe.com

mgyoe.com SAMPLE BOOK

သော လူ့အဖွဲ့အစည်းများ၊ လုပ်ပိုင်ခွင့်ပေးထားသော လူ့အဖွဲ့အစည်းများ၊ စိတ်ဓာတ်တက်ကြွနေသော လူ့အဖွဲ့အစည်းများနှင့် အသိအမှတ်ပြုခံရသော လူ့အဖွဲ့အစည်းများမှ လာခြင်းပင် ဖြစ်သည်”

Jack Welch အတွက် ပြောင်းလဲမှုသည် ဘဝတစ်ခု၏ ရိုးစင်းသောအစိတ်အပိုင်းလေးတစ်ခုသာ ဖြစ်ပြီး လုပ်ငန်းအတွက်လည်း အစိတ်အပိုင်းတစ်ခု အမှန်ကေန်ဖြစ်ပေသည်။ သူသည် ပြောင်းလဲမှုကို နှစ်သက်မြတ်နိုးပြီး သူ၏ကုမ္ပဏီတွင်း ပြောင်းလဲမှုသည် ယင်းကုမ္ပဏီရှိဝန်ထမ်းများ၏ အသွေးအသားထဲကပြောင်းလဲမှု ဟု သူက ဆိုပေသည်။ Jack Welch အနေဖြင့် ပြောင်းလဲမှုနှင့်ပတ်သက်ပြီး မည်သို့သဘောထားသည်၊ ထိုသို့သဘောမျိုးထားနိုင်ရန် တစ်ပါးသူများကိုလည်း မည်သို့လုပ်ဆောင်ခဲ့ရသည်တို့မှာ ကုမ္ပဏီကို အလွန့်အလွန်အောင်မြင်အောင်လုပ်ရာတွင် ကြီးမားသောဆောင်ရွက်ချက်တစ်ခု ဖြစ်ပေသည်။

လူအတော်များများမှာ ပြောင်းလဲမှုကို မကြိုက်ကြပါ။ Jack Welch အနေဖြင့် ကုမ္ပဏီကိုတာဝန်ယူခဲ့သော ၁၉၈၀ ခုနှစ် အစောပိုင်းကာလကပင် ယင်းအခြေအနေကို သိရှိနားလည်ထားပေသည်။ “ပြောင်းလဲမှုသည် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်မှုထက် ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်တတ်သည်” ဟု သူက ဆိုပေသည်။ ကုမ္ပဏီ ကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ပွားတိုးတက်ဖို့အတွက် ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး လုပ်ဆောင်မှုများစွာကို ဆောင်ရွက်ဖို့လိုအပ်ကြောင်း သူသိပေသည်။ ပြဿနာမှာ GE ကုမ္ပဏီမှ လူအတော်များများနှင့် အခြားကုမ္ပဏီများက လူတို့သည် ဘာကြောင့်ပြောင်းလဲမှုလုပ်ရသည်ကို နားမလည်ခြင်းပင်။ နောက်ဆုံးတွင်မူ ကုမ္ပဏီအနေဖြင့် ကောင်းလာအောင် လုပ်ဆောင်ရမည့်သဘောလက္ခဏာ ရှိနေသည်။

Jack Welch သည် ဖြစ်ရပ်အမှန်ကို ရင်ဆိုင်သည့် ပထမဦးဆုံးသော စီးပွားရေးလုပ်ငန်းဦးဆောင်သူများအနက် တစ်ဦး ဖြစ်ပါသည်။ သူ့အမြော်အမြင်ကြီးစွာနှင့် မျှော်မှန်းထားသည့်အတိုင်း ကုမ္ပဏီကိုဖန်တီးနိုင်ရန် သူသည် ကိစ္စရပ်တိုင်းလိုလိုကို ပြောင်းလဲရပေသည်။ ၎င်းတို့မှာ ကုမ္ပဏီ၏ အာရုံစူးစိုက်မှုထုတ်ကုန်များ၊ ၎င်းတို့၏ သဘောထားများ၊ အပြုအမူများ စသည်ဖြင့် ဖြစ်ပါသည်။ ပကတိအခြေအနေအတိုင်း တစ်ခုမှမကျန်လုနီးပါး ပြောင်းလဲရာတွင် ကုမ္ပဏီကို သူသည် ပိုမိုပြောင်းလွယ်ပြင်လွယ်ဖြစ်လာရန်လည်းကောင်း၊ အခြားကုမ္ပဏီများနှင့် ပိုမိုယှဉ်ပြိုင်နိုင်လာရန်လည်းကောင်း ဖန်တီးခဲ့ပေသည်။

GE ကုမ္ပဏီကြီး ပိုမိုကြီးပွားတိုးတက်လာရန် လုပ်ဆောင်ရာတွင် အဓိကသော့ချက်မှာ Welch နှင့် ကုမ္ပဏီရှိဝန်ထမ်းများ ကြောက်ရွံ့နောက်တွန့်မှုမရှိဘဲ ပြောင်းလဲမှုကို လိုလိုလားလား ဖက်တွယ်ထားရန် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK


ပေသည်။ Jack Welch က ပြောင်းလဲမှုကို အခွင့်အလမ်း တစ်ခုသဖွယ် ကြည့်မြင်တတ်ပြီး အန္တရာယ်တစ်ခုသဖွယ် မမြင်တတ်ပေ။ (အဆိုပါအတွေးအခေါ်မှာ သူ့အတွက် လွန်စွာမှပင် အရေးပါသည်။ သို့ဖြစ်၍လည်း သူသည် GE ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုး တစ်စိတ်တစ်ဒေသကို ပိုမိုတိုးတက်လာအောင် လုပ်ဆောင်နိုင်ပေသည်။)

သူသည် သူ၏ကုမ္ပဏီနှင့်သူ့ကို ကူညီပံ့ပိုးမှုပေး နိုင်ရန်အတွက် ပြောင်းလဲမှုအား အခွင့်အလမ်းတစ်ခု သဖွယ် မြင်ပေသည်။ "ပြောင်းလဲမှုသည် ဘဝ၏ဖွဲ့စည်း တည်ဆောက်မှုတွင်ပါဝင်သည့် မရှိမဖြစ် အပ်ချည်ကြိုး လေးတစ်မျှင်လို ဖြစ်သည့်အပြင် အဆိုပါပြောင်းလဲမှုမှာ ကောင်းသောအရာများကို များစွာဆောင်ကြဉ်းပေးနိုင် သည်ကို အမှတ်ရပါ။ ပြောင်းလဲမှုသည် မည်သည့်အခါ တွင်မှ ဆိုးရွားသောအရာများကို မဖန်တီးပါ။ စီးပွားရေး လုပ်ငန်းတွင်မူ ပြောင်းလဲမှုသည် ကောင်းမွန်သော အတွေးအခေါ်၊ အကြံအစည်၊ သို့မဟုတ် လုပ်ငန်းသစ်၊ သို့မဟုတ် ကုန်ပစ္စည်းအသစ် ဖြစ်ပေါ်လာအောင် နှိုးဆွ ပေးသော မီးပွားလေးတစ်ပွားပင် ဖြစ်သည်" ဟု သူက ဆိုသည်။

ဖော်ပြပါအချက်များမှာ သင့်အား သင်၏လုပ် ငန်းတွင် ပြောင်းလဲအောင် ကူညီပံ့ပိုးပေးသည့် အချက် များ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


**ပြောင်းလဲမှုနှင့်အတူ ရှိနေသည်ကိုသိပါ။**

ပြောင်းလဲမှုသည် သင်နှင့်အတူရှိနေပြီး မည်သည့်အခါတွင်မှ သင့်အား စွန့်ခွာသွားမည်မဟုတ်သည်ကို ထာဝရ သိရှိထားပါ။ အကယ်၍ သင်သည် ယင်းအချက်ကို လက်ခံပြီး အသုံးချလျှင် ပြောင်းလဲမှုကို မည်သို့ကိုင်တွယ်လုပ်ဆောင်ရမှန်း မသိသူများကို လွယ်ကူစွာ အနိုင်ယူနိုင်ပေမည်။

**အနည်းဆုံးကိုမျှော်လင့်ပြီး သူများထက်ခြေတစ်လှမ်းသာအောင် လျင်မြန်စွာ ရွေ့ထားပါ။**

Jack Welch သာမက အခြားသူများပင်လျှင် GE ကုမ္ပဏီအနေဖြင့် အခက်အခဲပေါင်းများစွာ ရင်ဆိုင်နေရသည်ကို မြင်နေကြပေသည်။ ဥပမာ - အင်တာနက်ကိစ္စ၊ ယှဉ်ပြိုင်ဘက်များ ပြန်လည်ပြီး အုပ်စုသစ်များ ဖွဲ့နေချိန်တွင် အောင်မြင်မှုနှင့်ဆုံးရှုံးမှုကြား ကွာဟချက်က အရာရာကို ကျော်လွှားခဲ့ပေသည်။

**သူတို့၏ဘဝများကိုထိခိုက်စေမည့် ရှောင်လွှဲ၍မရသော ပြောင်းလဲမှုအတွက် သင့်ဝန်းကျင်ကို ပြင်ဆင်ထားပါ။**

သင့်ကို ပြင်ဆင်ပေးထားသည်သာမက၊ သင့်အားလည်း ဝန်းရံထားသောပြောင်းလဲမှုကို လူတွေမကြောက်ရွံ့အောင် ပြောင်းလဲမှု၏ကောင်းမွန်ခြင်းကို

mgyoe.com